# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# ပဉ္စမနေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်
## (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်)
## (ကြာသပတေးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဒုတိယဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဒုတိယဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သုမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပဉ္စမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး ရှိတဲ့အနက် ၃၆၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၆.၇ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့တွင် အစည်းအဝေးမတက်ရောက်နိုင်သဖြင့် ခွင့်ပန်ကြားသူများရဲ့အမည်စာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော် ဦးစိုးဝင်းက တင်ပြပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့အစည်းအဝေးသို့ မတက်ရောက်နိုင်သဖြင့် ခွင့်ပန်ကြားသူ စုစုပေါင်းမှာ ၅၆ ဦး ရှိပြီး ၃၂ ဦးမှာ ယမန်နေ့က ခွင့်ပန်ကြားထားပြီး ယနေ့ ခွင့်ပန်ကြားထားသူ ၂၄ ဦးမှာ-

(၁) ဒလမဲဆန္ဒနယ်မှ ဦးလှထွန်းဦး ခွင့် ၂ ရက်၊

(၂) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၂ ရက်၊

(၃) လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် ခွင့် ၂ ရက်၊

(၄) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၂ ရက်၊
(၅) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၂ ရက်၊
(၆) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး ခွင့် ၂ ရက်၊
(၇) ခနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့် ခွင့် ၁ ရက်၊
(၈) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၂ ရက်၊
(၉) အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ ခွင့် ၁ ရက်၊
(၁၀) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ် ခွင့် ၁ ရက်၊
(၁၁) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၁ ရက်၊
(၁၂) အောင်လံမဲဆန္ဒနယ်မှ ဦးကိုကိုထွန်း ခွင့် ၂ ရက်၊
(၁၃) စေတုတ္တရာမဲဆန္ဒနယ်မှ ဦးသန်းထွန်း ခွင့် ၁ ရက်၊
(၁၄) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၁ ရက်၊
(၁၅) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၂ ရက်၊
(၁၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင် ခွင့် ၁ ရက်၊
(၁၇) မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း ခွင့် ၂ ရက်၊
(၁၈) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၂ ရက်၊
(၁၉) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၂ ရက်၊
(၂၀) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊
(၂၁) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၁ ရက်၊
(၂၂) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်၊
(၂၃) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၂ ရက်၊
(၂၄) မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း ခွင့် ၂ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၄ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၅၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ်ကို စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။

**အုတ်တွင်းမြို့နယ်နှင့် တောင်ငူမြို့နယ်တို့ဆက်သွယ်သည့် နောင်ရိုးတံတားအား သံကူကွန်ကရစ်တံတား အဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပထမဦးစွာ အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီမြင့်(အုတ်တွင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အုတ်တွင်းမြို့နယ်နှင့် တောင်ငူမြို့နယ်တို့ ဆက်သွယ်ထားတဲ့ နောင်ရိုးတံတားဟာဆိုလို့ရှိရင် ခပေါင်းချောင်းကိုဖြတ်ပြီးတော့ ကင်းဆိပ်ရွာနှင့် မကျီးပင်စုရွာတို့ဆက်သွယ်ထားတဲ့ တံတားဖြစ်ပါတယ်။ အဲ့ဒီတံတားက ၂၀၀၄ ခုနှစ်က ကျွန်တော်တို့ ကိုယ်ထူကိုယ်ထစနစ်ဖြင့်၊ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောင်ရွက်ခဲ့တဲ့ သစ်သားတံတားဖြစ်ပါတယ်။

တံတားဟာဆိုလို့ရှိရင် ကျေးရွာပေါင်း ၄၂ ရွာမှာရှိတဲ့ ပြည်သူအပေါင်းဟာဆိုလို့ရှိရင် နေ့စဉ်နဲ့အမျှ ၅၀၀၀၀ မျှသော လူဦးရေ ဖြတ်သန်းသွားလာနေတဲ့ တံတားတစ်စင်းဖြစ်ပါတယ်။ အဆိုပါတံတားဟာဆိုလို့ရှိရင် သစ်သားတံတားဖြစ်ပြီးတော့ ရာသီဥတုဒဏ်တွေကြောင့် ဆွေးမြည့်ပျက်စီးနေတဲ့အတွက် ပြည်သူလူထုရဲ့လိုလားချက်နဲ့အတူ အောက်ပါမေးခွန်းကို လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာဖြစ်ပါတယ်။ အုတ်တွင်းမြို့နယ်နှင့် တောင်ငူမြို့နယ်တို့ ဆက်သွယ်ထားတဲ့ နောင်ရိုးတံတားကို သံကူကွန်ကရစ်တံတားအဖြစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်းနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်နည်း။ အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့်နည်းဆိုတာ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညီညီမြင့် မေးမြန်းတဲ့မေးခွန်းနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ အုတ်တွင်းမြို့နယ်နှင့် တောင်ငူမြို့နယ်ကို ဆက်သွယ်တဲ့ နောင်ရိုးတံတားဟာ သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းနှင့်ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ကင်းဆိပ်ကျေးရွာနှင့် အုတ်တွင်းမြို့နယ်၊ တောပုကျေးရွာကိုဆက်သွယ်ထားတဲ့ နောင်ရိုးတံတားဟာ အရှည် ၃၆၈ ပေရှိပြီးတော့ သစ်သားတံတားပျက်တစ်စင်းဖြစ်ပြီးတော့ ကျေးရွာအုပ်စု ခြောက်အုပ်စု၊ ကျေးရွာ ၅၂ ရွာ၊ အိမ်ခြေ ၆၂၄၆ အိမ်၊ လူဦးရေ ၂၉၄၁၅ ဦး အကျိုးပြုသွားလာလျက်ရှိပါတယ်။ အဆိုပါတံတားကို အရှည် ၃၉၀ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၂ ပေရှိတဲ့ သံကူကွန်ကရစ်တံတား တည်ဆောက်ပေးမည်ဆိုပါက ခန့်မှန်းကုန်ကျငွေ ကျပ် ၁၅၉.၀ သန်း ကုန်ကျမှာဖြစ်ပါတယ်။ အဆိုပါကုန်ကျငွေတွေကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး

ဦးစီးဌာန(ရုံးချုပ်)ရဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ကျခံသုံးစွဲဆောင်ရွက်နိုင်ရေးကို တင်ပြသွားမည်ဖြစ်ပါကြောင်း နှင့်ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မြောက်ဦးခရိုင်ရှိ ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွန်းသာ(မြောက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန်ကိစ္စနဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ကို မြောက်ဦးခရိုင်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သောကြောင့် ခရိုင်အဆင့်ဌာနဆိုင်ရာရုံးများ၊ ဆောက်လုပ်နေပြီ ဖြစ်ပါတယ်။ ဆောက်လုပ်ပြီးရုံးများတွင် ခရိုင်အဆင့် တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများ တာဝန် ထမ်းဆောင်နေကြသော်လည်း ဆောက်လုပ်ဆဲရုံးများနှင့် ရန်ပုံငွေချထားပေးခြင်းမရှိသ၍ မဆောက် ရသေးသောရုံးများမှ ဝန်ထမ်းများမှာလည်း မြို့နယ်ရုံးများတွင် တွယ်ကပ်၍ တာဝန်ထမ်းဆောင်နေကြ ရပြီး ၎င်းတို့၏ မိသားစုများမှာ နေထိုင်စားသောက်ရေးအတွက် အခက်အခဲရှိနေကြောင်း ကြားသိနေ ပါတယ်။ တချို့ဝန်ထမ်းများမှာ နေထိုင်ရန်အခက်အခဲကြောင့် မိသားစုများကို ခေါ်မလာနိုင်ဘဲ တကွဲ တပြားစီနေရသည့်အတွက် ကုန်ကျစရိတ်များပြားကာ ဝင်ငွေနဲ့ထွက်ငွေ မမျှတ၍ အခက်အခဲကြုံနေရ ပါတယ်။ သက်ဆိုင်ရာရုံးအနီးပတ်ဝန်းကျင်တွင် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေး၍လည်းကောင်း၊ ဝန်ထမ်းပေါင်းစုံ စုပေါင်းနေထိုင်နိုင်သော ခြောက်ခန်းတွဲ သို့မဟုတ် လေးခန်းတွဲ RC နှစ်ထပ်အိမ်ရာ များဆောက်လုပ်ပေး၍လည်းကောင်း ဆောင်ရွက်ပေးနိုင်ပါမှ စရိတ်စကသက်သာစွာဖြင့် နေထိုင်နိုင် ကြမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုသည်မှာ မြောက်ဦးခရိုင်ရှိ ဝန်ထမ်းများအတွက် ဝန်ကြီးဌာနအသီးသီးမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ တင်ပြတောင်းခံပြီး ဝန်ထမ်း အိမ်ရာများတည်ဆောက်ပေးရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်မရှိသေးပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးပါရန် အစီအစဉ်ရှိပါသလား။ ဖြေကြားပေးနိုင်ပါရန် ပြည်သူ့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်။ အားလုံးရွှင်လန်းကြပါစေ။

**မူကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ မြောက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာ မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ မြောက်ဦးခရိုင်မှာရှိတဲ့ ဝန်ထမ်းများအတွက် ဝန်ကြီးဌာနအသီးသီးမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ တင်ပြတောင်းခံပြီး ဝန်ထမ်းအိမ်ရာများ တည်ဆောက်ပေးရန် အစီအစဉ်ရှိပါသလား။ အစီအစဉ်မရှိသေးပါက ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပေးပါမည်လား။ မေးခွန်းနဲ့ပတ်သက်ပြီး ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်ကို ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၂၄-၁၂-၂၀၁၂ ရက်စွဲပါအမိန့်ကြော်ငြာစာနဲ့ မြောက်ဦး၊ ကျောက်တော်၊ မင်းပြား၊ မြေပုံမြို့နယ်များဖြင့် ဖွဲ့စည်းခဲ့ပါတယ်။ မြောက်ဦးခရိုင်မှာ ခရိုင်အဆင့်ရုံးများဖွင့်လှစ်ပြီးတော့ လုပ်ငန်းဆောင်ရွက်နေကြတဲ့ဌာနများမှာ အောက်ပါအတိုင်းဖြစ်ပါတယ်။ (က) ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (ခ) ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ (ဂ) ခရိုင်အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ (ဃ) ခရိုင်တရားရုံး၊ (င) ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ (စ) ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ (ဆ) ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ (ဇ) ခရိုင်ငါးလုပ်ငန်းဦးစီးဌာန၊ (ဈ) ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ (ည) ခရိုင်ပြည်သူ့ဆောက်လုပ်ရေးအင်ဂျင်နီယာရုံး၊ (ဋ) ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန တို့ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ မြောက်ဦးခရိုင် စုပေါင်းရုံးသစ်တည်ဆောက်ခြင်းအတွက်ကို ထပ်မံလိုအပ်ငွေကျပ် ၂၂၅.၀ သန်းအား ခွင့်ပြုပေးခဲ့ပြီးတော့ နိုင်ငံတော်အဆင့်/ပြည်နယ်အဆင့် ပုဂ္ဂိုလ်များတည်းခိုနိုင်ရန် ဧည့်ရိပ်သာ RC တစ်လုံးအတွက်ကို ကျပ်သန်း ၈၀.၀ သန်းကိုလည်း ခွင့်ပြုခဲ့ပါတယ်။ မြောက်ဦးခရိုင်ဟာ ခရိုင်အဆင့် ဌာနဆိုင်ရာရုံးများအားလုံး ဖွင့်လှစ်နိုင်မှုမရှိသေးဘဲနဲ့ ဖွင့်လှစ်ပြီးရုံးများတွင်လည်း ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်နိုင်မှု နည်းပါးသေးတဲ့အတွက်ကြောင့် ရုံးနဲ့ဝန်ထမ်းအိမ်ရာများအား ဘဏ္ဍာရေးနှစ်အလိုက်ခွင့်ပြုချက်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ သို့သော်လည်းပဲ ဝန်ထမ်းအများစုမှာ ဒေသခံများဖြစ်ပြီးတော့ အခြားဒေသမှာ လာရောက်တဲ့ဝန်ထမ်းများမှာ ၃၀ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရှိရပါတယ်။ ဌာနဆိုင်ရာဝန်ထမ်းများရဲ့ သဘောသဘာဝအရ

ရွှေ့ပြောင်းနေထိုင်မှုများရှိသဖြင့် အခြားဒေသမှ လာရောက်တာဝန်ထမ်းဆောင်တဲ့ဝန်ထမ်းများရဲ့ နေထိုင်ရေးအဆင်ပြေစေရန် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ အစီအစဉ်နဲ့ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးပါက ပိုမိုအဆင်ပြေနိုင်မည်ဖြစ်ပါတယ်။ ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးရာမှာ ရှေးဦးစွာ အိမ်ရာများအတွက် လိုအပ်တဲ့မြေရရှိရန် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ မြေရရှိပြီးဖြစ်ပါက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံနိုင်သော်လည်းပဲ ဖြည့်စွက်ရန်ပုံငွေမှာ မူလခန့်မှန်းတန်ဖိုးရဲ့ ၁၀ ရာခိုင်နှုန်းထက်ကျော်လွန်ပြီးတော့ တောင်းခံခြင်းအား ခွင့်ပြုမထားပါသောကြောင့် ၁၀ ရာခိုင်နှုန်းထက်မကျော်လွန်ပါကလည်းဖြည့်စွက်ရန်ပုံငွေ ခွင့်ပြုမိန့်ရရှိတဲ့အချိန်ဟာ သာမန်အားဖြင့် ဒီဇင်ဘာလအတွင်းသာ ခွင့်ပြုပေးလေ့ရှိတဲ့အတွက်ကြောင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန် အချိန်မီပြီးစီးနိုင်မှာမဟုတ်ပါကြောင်းနဲ့ မြောက်ဦးခရိုင်မှာ တာဝန်ထမ်းဆောင်နေကြတဲ့ဝန်ထမ်းများသည် ဝန်ကြီးဌာနအသီးသီးမှဝန်ထမ်းများဖြစ်တဲ့အတွက်ကြောင့် ပြည်ထောင်စုဘဏ္ဍာရေးရန်ပုံငွေနဲ့ ဆောင်ရွက်နေတဲ့ဌာနများသည် ပြည်ထောင်စုမှလည်းကောင်း၊ ပြည်နယ်ဘဏ္ဍာရေးရန်ပုံငွေနဲ့ ပါဝင်တဲ့ဌာနများဟာ ပြည်နယ်မှလည်းကောင်း ဒေသလိုအပ်ချက်များပေါ်မူတည်ပြီးတော့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာ ဝန်ထမ်းအိမ်ရာများအား ထည့်သွင်းလျာထားတင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ကနီမြို့နယ်၊ ယင်းကျေးရွာနှင့် ကျောက်လှေကားကျေးရွာအကြား ပျက်စီးသွားသော ချင်းတွင်းမြစ်ရေလျှံတားတမံအား မြေသားတမံတည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ။** ။ ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျန်ထွန်း(ကနီမဲဆန္ဒနယ်)။** ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့်ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကနီမြို့နယ် ပြည်သူများကိုယ်စား မေးခွန်းတစ်ခုမေးမြန်းသွားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်မှာရှိတဲ့ ယင်းကျေးရွာနှင့် ကျောက်လှေကားကျေးရွာကြားမှာ ယခင်အစိုးရလက်ထက်က အလျား ၁ မိုင်ခန့်၊ အကျယ် ၉ ပေ၊ အမြင့် ၆ ပေရှိတဲ့ ချင်းတွင်းမြစ် ရေလျှံတားတမံကို တည်ဆောက်ပေးခဲ့တဲ့အတွက် တောင်သူများ အဆင်ပြေခဲ့ကြပါတယ်။ အခုအချိန်မှာ တမံရဲ့အလျားပေ ၇၀၀ ခန့်မှာ ကျိုးပျက်နေပြီဖြစ်ပါတယ်။ အလျားပေ ၇၀၀ ခန့်ကို ပြန်လည်ပြင်ဆင်ပေးနိုင်

ပါက ဧက ၄၀၀ ခန့်ရှိတဲ့ နှမ်း၊ စပါး စိုက်ပျိုးဧကများ၊ ရေနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျိုးပျက်သွားသောအလျားပေ ၇၀၀ ခန့်ကို ပြန်လည်ပြင်ဆင်ပေးနိုင်ခြင်းရှိ/မရှိ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်း မေးမြန်းခဲ့တဲ့မေးခွန်းနဲ့ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ ယင်းကျေးရွာနှင့် ကျောက်လှေကား ကျေးရွာအကြားမှာရှိတဲ့ ကျိုးပျက်သွားတဲ့ ချင်းတွင်းမြစ်ရေလျှံတားတမံအလျားပေ ၇၀၀ ခန့်ကို မြေသားတမံတည်ဆောက်ပေးနိုင်မှုရှိ/မရှိမေးခွန်းနှင့်ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်ခရိုင်၊ ကနီမြို့နယ်၊ ယင်းကျေးရွာနှင့် ကျောက်လှေကားကျေးရွာအကြားရှိ ကျိုးပျက်သွားတဲ့ ချင်းတွင်းမြစ်ရေလျှံမြေသားတမံမှာ ဆည်မြောင်းဦးစီးဌာနမှ ထိန်းသိမ်းထားတဲ့ တာတမံမဟုတ်ဘဲနဲ့ ဒေသမှထိန်းသိမ်းထားတဲ့ တာတမံဖြစ်ပါတယ်။ အသေးစိတ်ကွင်းဆင်းတိုင်းတာပြီးတော့ တိုင်းဒေသကြီးဘဏ္ဍာရေး ရန်ပုံငွေအပေါ်မူတည်ပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေ RE သို့မဟုတ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် BE မှာ လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ရွှေပြည်သာမြို့နယ်အတွင်းရှိ မြေသားလမ်းများနှင့် ကတ္တရာလမ်းများကို ခင်းကျင်းပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးတင်မောင်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး

ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့မြို့နယ်ရဲ့မြေသားလမ်းများကို ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနဲ့ပတ်သက်လို့ မေးခွန်းမေးမြန်းမှာ ဖြစ်ပါတယ်။ မမေးမြန်းခင် ပြီးခဲ့တဲ့ကာလတွေမှာ ကျွန်တော်တို့မြို့နယ်ရဲ့လမ်းများကို ကွန်ကရစ်လမ်းအဖြစ် ခင်းပေးခဲ့တဲ့ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရနဲ့ မြို့တော်ဝန်ကြီးတို့ကိုလည်း ပြည်သူများက ကျေးဇူးတင်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်ဟာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်မြေအတွင်းမှာရှိပြီးတော့ ၁၉၈၈ ခုနှစ်ဝန်းကျင်မှာ စတင်တည်ထောင်ခဲ့တဲ့ ရပ်ကွက်ပေါင်း ၂၇ ခုနဲ့ လူဦးရေ ၃ သိန်းခန့်ရှိတဲ့မြို့နယ် ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာရှိတဲ့ ပြည်သူများသည် အခြေခံလူတန်းစားများဖြစ်ပြီးတော့ ကျွန်တော်တို့ ၂၅ နှစ်ကျော်အထိ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အသီးသီးကိုတင်ပြခဲ့သော်ငြားလည်း ယနေ့အချိန်ထိ လုံးဝမြေသားလမ်းအဖြစ်ပဲရှိသေးတဲ့ လမ်းပေါင်း ၅၀၄ လမ်းကျန်ရှိနေပါတယ်။ ကျွန်တော်တို့ မြို့နယ်နေပြည်သူများရဲ့ အတောင့်တဆုံးဆန္ဒကလည်း ဒီမြေသားလမ်းများကို ကွန်ကရစ်လမ်းအဖြစ် ခင်းပေးဖို့ရန်ဖြစ်ပါတယ်။ မိုးရာသီမှာ ရွှံ့ထဲဗွက်ထဲသွားလာရတာ နှစ်ပေါင်း ၂၅ နှစ် ဖြစ်တဲ့အခါကျတော့ ဒီကာလမှာ အချိန်မီဆောင်ရွက်ပေးနိုင်ဖို့ တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့မေးခွန်းကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်မှာ ၁၉၈၈ ခုနှစ်ဝန်းကျင်တွင် စတင်တည်ထောင်ခဲ့သော ရပ်ကွက်/ကျေးရွာ ၂၇ ခု၊ လူဦးရေသုံးသိန်းခန့်နေထိုင်သော မြို့နယ်ဖြစ်ပြီး မြို့နယ်အတွင်း လမ်းပေါင်း ၅၀၄ လမ်းကျော်မှာ ယနေ့ ၂၅ နှစ်ကျော်ကြာလာသည့်တိုင် မြေသားလမ်းအဖြစ် တည်ရှိဆဲဖြစ်ပြီး မိုးရာသီတွင် ဗွက်ထဲရေထဲခက်ခဲစွာ သွားလာနေကြရပါတယ်။ အဆိုပါ ၂၅ နှစ်အတွင်း နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများသို့ အကြိမ်ကြိမ်တင်ပြခဲ့ပါသော်လည်း ပြီးစီးခဲ့မှု၊ အောင်မြင်ခဲ့မှုမရှိဘဲ ၂၅ နှစ်သို့ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ စည်ပင်သာယာနယ်နိမိတ်အတွင်း တည်ရှိသော ရွှေပြည်သာမြို့နယ်အတွင်းရှိ လုပ်သားပြည်သူများ၏ အဓိကအတောင့်တဆုံး၊ အလိုအပ်ဆုံးဖြစ်သော မြေသားလမ်းများ ပျက်စီးနေသော ကတ္တရာလမ်းများကို ခင်းကျင်းပြင်ဆင်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် မည်သည့်ကာလတွင် အပြီးဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး မေးမြန်းခဲ့တဲ့မေးခွန်းနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်အတွင်းမှာရှိတဲ့ မြေသားလမ်းများနှင့် ပျက်စီးနေတဲ့ ကတ္တရာလမ်းများအား ခင်းကျင်းပြင်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်ပတ်သက်ပြီး ရွှေပြည်သာမြို့နယ်အတွင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှစပြီးတော့ ရပ်ကွက်အတွင်းလမ်းများအား ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ လမ်း ၄၀ လမ်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ လမ်း ၉၄ လမ်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ လမ်း ၁၆ လမ်း စုစုပေါင်း ၁၅၀ လမ်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ရွှေပြည်သာမြို့နယ်အတွင်း ရပ်ကွက်အတွင်းမှာရှိတဲ့လမ်းသာမက လမ်းမကြီးများ ပြုပြင်ပေးခြင်းအနေနဲ့လည်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်ကနေစပြီးတော့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ ဘုရင့်နောင်လမ်း (စက်မှုဒေသလမ်းနှင့် ဒေါ်ဖွားရှင်လမ်းကြား) ၁၅၀၀ ပေ x ၁၈ ပေ ကတ္တရာလမ်းသားတင်ခြင်း၊ သီရိမင်္ဂလာပတ်လမ်း ၅၅၀၀ ပေ x ၁၆ ပေ ကတ္တရာလမ်းသားတင်ခြင်း၊ အ.ထ.က(၁) ကျောင်းဝန်းပတ်လမ်း ၁၀၅၀ ပေ x ၁၂ ပေ ကတ္တရာလမ်းသားတင်ခြင်း၊ လှော်ကားကျေးရွာ၊ အမှတ်(၁) ရဲတပ်ရင်းတပ်တွင်းလမ်း ၁၂၀၀ ပေ x ၁၄ ပေ ကတ္တရာလမ်းသားတင်ခြင်း၊ ဗိုလ်ချုပ်လမ်း(သရဖီလမ်းမှနေပြီး အမှတ်-၄ လမ်းအထိ) ၇၄၂၀ ပေ x ၁၆ ပေ တိုးချဲ့ခြင်း၊ ဘုရင့်နောင်လမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံ (ထန်းခြောက်ပင်လမ်းဆုံ) ၁၁၉၂၀ စတုရန်းပေတိုးချဲ့ခြင်း၊ အမှတ်(၄) လမ်း(မိုင်တိုင်-၅ ကနေပြီးတော့ မိုင်တိုင်-၆ အထိ) ၅၂၆၀ ပေ x ၂၂ ပေ ကတ္တရာလမ်းသားတင်ခြင်း၊ ဗိုလ်ချုပ်သံဒင်းလမ်း ၂၄၀၀ ပေx ၁၈ ပေ လမ်းသားတင်ခြင်း၊ သီရိမင်္ဂလာပတ်လမ်း ၅၂၀၀ ပေ x ၁၆ ပေ ကတ္တရာလမ်းသားတင်ခြင်း၊ ဘုရင့်နောင်လမ်း(ဝဲ/ယာ) ၄၀၀၀ ပေ x ၁၆ ပေ တိုးချဲ့ခြင်း(ထန်းခြောက်ပင်လမ်းဆုံကနေပြီးတော့ အုတ်ဖိုချောင်းကြား)၊ တော်ဝင်လမ်းကတ္တရာလမ်း ၃၉၀၀ ပေ x ၁၈ ပေအား ကွန်ကရစ်ခြင်း၊ မင်းရဲကျော်စွာလမ်း ၁၆၀၀ ပေ x ၁၈ ပေကို ကွန်ကရစ်ခင်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။

ရှေပြည်သာမြို့နယ်အတွင်း မြေသားလမ်းလက်ကျန် မှာ ၅၀၄ လမ်း၊ ၉၁၃၉၉၂ ပေ(၁၇၃ မိုင် ၁ ဖာလုံ) ရှိပါတယ်။

အဆိုပါမြေသားလမ်းများအားလုံးကို ၁၂ ပေအကျယ် ကွန်ကရစ်လမ်းတည်ဆောက်ပေးမယ်ဆိုလို့ရှိရင် ခန့်မှန်းကုန်ကျငွေဟာ ကျပ်သန်းပေါင်း ၁၈၂၇၉.၈၄ ခန့်ကုန်ကျမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေနဲ့ ရှာဖွေရရှိတဲ့ ဘဏ္ဍာငွေဖြင့်ရပ်တည်ရတဲ့ အဖွဲ့အစည်းဖြစ်တဲ့အပြင် မြို့နယ်အသီးသီးမှာလည်း လမ်းပန်းဆက်သွယ်မှုဖွံ့ဖြိုးတိုးတက်စေရန်အတွက်ရရှိတဲ့ဘဏ္ဍာငွေပေါ်မူတည်ပြီးတော့ ဟန်ချက်ညီဆောင်ရွက်ပေးရလျက်ရှိပါတယ်။ ရှေပြည်သာမြို့နယ်အတွင်းမှာရှိတဲ့ ကျန်ရှိတဲ့မြေသားလမ်းအားလုံးကို တစ်ပြိုင်နက်တည်း ဆောင်ရွက်ပေးရန် ဘဏ္ဍာငွေမလုံလောက်တဲ့အပြင် အခြားမြို့သစ်မြို့နယ်များမှာလည်း ထည့်သွင်းဆောင်ရွက်ပေးရန် လိုအပ်မှာဖြစ်ပါတယ်။

ဒါ့ကြောင့် ရှေပြည်သာမြို့နယ်အတွင်းမှာရှိတဲ့ မြေသားလမ်းများနှင့် ပျက်စီးနေတဲ့ ကတ္တရာလမ်းများကို တစ်ပြိုင်နက်တည်း ခင်းကျင်းပြင်ဆင်ပေးရန်မှာ လောလောဆယ်အစီအစဉ်မရှိသေးပါကြောင်းနှင့် ဘဏ္ဍာရေးနှစ်အလိုက် ခွဲဝေရရှိတဲ့ဘဏ္ဍာငွေပေါ်မူတည်ပြီးတော့ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ရှိပါတယ်။

**ပုသိမ်မြို့ ပြည်တော်သာ အိမ်ရာများကို ဖျက်သိမ်းရန် စီစဉ်နေခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဒုတိယဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ပုသိမ်မြို့မှာ ပြည်တော်သာစီမံကိန်းအရ ပြည်တော်သာအိမ်ရာဆောက်လုပ်ခဲ့ပါတယ်။ အကျယ်အဝန်းမှာ ၂၆ ဧကခန့် ရှိပါတယ်။ ၁၉၅၇-၁၉၅၈ ခုနှစ်ကတည်းက စတင်ဆောက်လုပ်ခဲ့ပြီး ဝင်ငွေနည်းတဲ့အများပြည်သူ နေထိုင်ခွင့်ရခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အိုးအိမ်ဦးစီးဌာနပိုင်လည်း ဖြစ်ပါတယ်။ ပြည်တော်သာအိမ်ရာမှ လေးခန်းတွဲနှစ်ထပ်၂၅ လုံးနဲ့ တစ်ထပ်လုံးချင်း ၁၅၀ ရှိပြီး အကြီးစားပျက်စီးမှုများမရှိပါ။ အကယ်၍ ရှိပါကဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရဲ့ အမိန့်ကြော်ငြာစာအမှတ်(၄၂/၈၆)နှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းရမည်ဖြစ်ပါတယ်။ ဌာနရဲ့ ပုံသေပိုင်ပစ္စည်းများစာရင်းမှ ပယ်ဖျက်ရန် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ သဘောထားမှတ်ချက်ရရှိမှသာလျှင် အဆောက်အအုံများကို ဖြိုဖျက်ရမှာဖြစ်ပါတယ်။ ယခုအခါ မနောသုခအိမ်ရာစီမံကိန်းဆိုပြီးတော့ ပြန်လည်ဆောက်လုပ်မယ်ဆိုလျှင် အမျိုးသား

စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ရဲ့ အတည်ပြု ချက်ရယူရမည်ဖြစ်ပါတယ်။ ထိုစီမံကိန်းလုပ်ငန်းအတွက် တင်ဒါခေါ်ယူမှုမရှိ၊ ပွင့်လင်းမြင်သာမှုမရှိ၊ ဌာနအတွက် အကျိုးအမြတ်အများဆုံးပေးနိုင်သူကို ယှဉ်ပြိုင်ရွေးချယ်ခွင့်လည်းမရှိ၊ ပြည်တော်သာ တိုက်ခန်းနေ အိမ်ထောင်စုစာရင်း ၃၅၀ ခန့်ရှိ ပြည်သူများနှင့်လည်း ညှိနှိုင်းဆွေးနွေးမှုမရှိဘဲ ပြည်သူ များ၏ သဘောတူညီချက်ရယူမှု မရှိတာတွေတွေ့ရှိရပါတယ်။ ယခုအခါ အခန်းပိုင်ရှင်များမသိဘဲ ဖျက်သိမ်းခံရတဲ့အခန်း လေးခန်းရှိပါတယ်။ သော့ဖျက်ဝင်ပြီး အိမ်တွင်းမှ ပရိဘောဂများကို အိုးအိမ် ဦးစီးဌာနသို့ သယ်ဆောင်ခဲ့ပါတယ်။ ဒါဟာဥပဒေအရ ရာဇဝတ်ပြစ်မှုမြောက်ပါတယ်။ နောက်ထပ် ဖျက်သိမ်းရန် Notice ပေးထားတဲ့အခန်းငါးခန်းလည်းရှိနေပါတယ်။ နောက်ထပ်လည်း ကျန်အခန်း များကို ယခုကဲ့သို့ ဆက်လက်ဆောင်ရွက်မယ်လို့ အိုးအိမ်ဦးစီးဌာန တာဝန်ရှိသူက ပြောကြားကြောင်း လည်းကြားသိရပါတယ်။ အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့ ကုမ္ပဏီကရရှိမယ့် နှစ်ထပ်လုံးချင်း (၆၀ ပေ x ၆၀ ပေ) ၈၀ လုံးအတွက် သက်ဆိုင်ရာအာဏာပိုင်က မြေငှားဂရန်ထုတ်ပေးရန် ဆုံးဖြတ်ထား ကြောင်းကိုလည်း သိရပါတယ်။ ဌာနပိုင်မြေကို ပုဂ္ဂလိကမြေသို့ အပြီးအပိုင်တန်ဖိုးမဲ့ လွှဲပြောင်းပေး သလိုဖြစ်နေပါတယ်။ အဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းအတွက် ကုမ္ပဏီသို့ ဌာနပိုင်မြေကို ပေးရန်မလိုအပ်ပါ။ အဆောက်အအုံပေါ်တွင် အကျိုးအမြတ်ကိုသာ ခွဲဝေခြင်းဖြစ်သင့်ပါတယ်။ စီမံကိန်းလုပ်ငန်းကြောင့် မည်မျှအကျိုးအမြတ်ရှိသည်/မရှိသည်ဆိုတာကို တာဝန်ယူစစ်ဆေးထားတဲ့ အဖွဲ့အစည်းများရှိ/မရှိ ပြည်သူများလည်း မသိရပါ။

ဒါ့ကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ ပြည်တော်သာအိမ်ရာစီမံကိန်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေကြေးပစ္စည်းများ ဆုံးရှုံးမှုမရှိစေရေးအတွက် (က) မူလပြည်တော်သာအိမ်ရာ များကိုဖျက်သိမ်း၍ ကုမ္ပဏီဖြင့် အကျိုးတူလုပ်ငန်းများ ဆောင်ရွက်နေမည်ကို ပြည်ထောင်စုအစိုးရက သဘောတူခွင့်ပြုခြင်းရှိ/မရှိ၊ (ခ) ယင်းအိမ်ရာများနေပြည်သူများကို ဖယ်ရှားခြင်း၊ အဆောက်အအုံများ ကိုဖျက်သိမ်းရန် စီစဉ်နေခြင်းတို့မှာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၄၂/၈၆) နှင့်ညီညွတ်မှုရှိ/မရှိ၊ (ဂ) ယင်းပစ္စည်းများကို ထုခွဲရောင်းချခြင်းကြောင့် ရရှိငွေများကို နိုင်ငံတော်ဘဏ္ဍာသို့ ထည့်သွင်းခြင်းပြု/မပြု၊ (ဃ) ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာ တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက် ခြင်းရှိ/မရှိ၊ (င) ပြည်တော်သာအိမ်ရာတွင် တရားဝင် လက်ရှိနေထိုင်ကြသော ပြည်သူများဆက်လက်

နေထိုင်ခွင့်ရရှိရန် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိတို့ကို သိလိုပါသဖြင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့် မေးမြန်းခဲ့တဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့မှာရှိတဲ့ ပြည်တော်သာ ဝန်ထမ်းအိမ်ရာတွင် ဌာနနှင့် Nine Engineering Group တို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီသို့ ၂၀-၃-၂၀၁၄ ရက်နေ့မှာ တင်ပြခဲ့တဲ့အခါမှာ ၂-၃-၂၀၁၄ ရက်စွဲပါစာအမှတ် ၁၂(၁)/၁၆/ သမ္မတရုံးဖြင့် မှတ်တမ်းတင်ရန်နဲ့ ဝန်ကြီးဌာနအစီအစဉ်ဖြင့်ဆောင်ရွက်ရန် ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ Nine Engineering Group ကုမ္ပဏီဆောက်လုပ်ရေးမှ ပြည်တော်သာအိမ်ရာမှာ မြေကွက်လပ်ပေါ်တွင်သာ လေးခန်းတွဲ ခြောက်ထပ်အဆောက်အအုံ လေးလုံးဆောက်လုပ်နေခြင်း ဖြစ်ပါတယ်။ မည်သည့် အဆောက်အအုံကိုမှ ဖယ်ရှားဖျက်သိမ်းခြင်း မရှိသေးပါကြောင်းနှင့် အဆောက်အအုံဟောင်းများဖျက်သိမ်းမည်ဆိုပါက ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပစ္စည်းဟောင်းများ ထုခွဲရောင်းချခြင်းကြောင့် ရရှိတဲ့ငွေကိုလည်း နိုင်ငံတော်ဘဏ္ဍာငွေသို့ ထည့်သွင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရာမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှထုတ်ပြန်ထားတဲ့ လုပ်ငန်းလမ်းညွှန်ချက်များနှင့်အညီဆောင်ရွက်လျက်ရှိပါတယ်။ ပြည်တော်သာဝန်ထမ်းအိမ်ရာများမှာ လက်ရှိနေထိုင်သူများသည် ဥပဒေနှင့်အညီ နေထိုင်သူများဖြစ်ပါက ဆက်လက်နေထိုင်ခွင့်ပြုမည်ဖြစ်ပြီး ဥပဒေနှင့်အညီ နေထိုင်ခြင်းမရှိသူများကို သင့်လျော်တဲ့ နည်းလမ်းများဖြင့် စဉ်းစားဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ **ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း မေးမြန်းဖို့ဖြစ်ပါတယ်။**

**ဦးဝင်းမြင့် (ပုသိမ်မဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။

**ဒုတိယဥက္ကဋ္ဌ**။ ။ မေးပါ။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ စောစောက ဒုတိယဝန်ကြီးဖြေသွားတဲ့အထဲမှာ ပြည်တော်သာ ဝန်ထမ်းအိမ်ရာလို့ သုံးနှုန်းသွားတဲ့စကားလုံး ကြားသိလိုက်ရပါတယ်။ အမှန်က ပြည်တော်သာစီမံကိန်း အရလုပ်တဲ့အိမ်ရာဟာ ဝင်ငွေနည်းပြည်သူတွေ နေထိုင်ခွင့်ရတဲ့ ပြည်တော်သာအိမ်ရာပါ။ ပြည်တော်သာဝန်ထမ်းအိမ်ရာမဟုတ်ပါဘူး။ အခုအငြင်းပွားနေတာ ဒီပြဿနာပါ။ ဝန်ထမ်းအိမ်ရာ ဆိုပြီးတော့ အခု တဝတ တက်လာပြီးတော့မှ ၁၉၉၄ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်နေ့မှာ သတ်မှတ် လိုက်တဲ့အခါကျတော့ အခုမူလနေခဲ့တဲ့လူတွေကို Notice ပေးပြီးဖယ်ရှားတာဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ ကျွန်တော်သိချင်တာက ပြည်တော်သာအိမ်ရာသည် ပြည်တော်သာစီမံကိန်းအရ ၁၉၅၁ ခုနှစ်၊ ဥပဒေအမှတ် ၆၃ ဖြင့် ဆောက်လုပ်ခဲ့တဲ့အဆောက်အအုံဖြစ်တဲ့အတွက် ပြည်တော်သာ အိမ်ရာဆိုတာ မှန်ပါသလား။ ဒါမှမဟုတ် ဝန်ထမ်းအိမ်ရာဆိုတာမှန်ပါသလား။ တစ်ချက်သိချင်ပါတယ်။ နောက် တစ်ခုက လောလောဆယ် ဖယ်ရှားဖျက်သိမ်းခြင်းမရှိသေးဘူးလို့ ပြောပါတယ်။ ဖျက်သိမ်းဖို့ Notice တွေပေးထားပါတယ်။ လောလောဆယ်မရှိသေးဘူးဆိုရင် နောက်နောင်ရှိပါသလားဆိုတာလည်း သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားနိုင်ရင် ဆက်လက် ဖြေကြားပေးပါ။

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ တိုင်းဒေသကြီးအစိုးရကို တင်ပြပြီးမှပဲ သူတို့ဖြေတဲ့ဟာကို ကျွန်တော်ပြန်ဖြေပေးပါ့မယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ရပါပြီ။ ကျေးဇူးတင်ပါတယ်။ မေးခွန်းရှင် ဦးဝင်းမြင့် ကျေနပ်ပါ။

**ဖလမ်းမြို့နယ်တွင် အိမ်မြေဂရန်များချပေးရာ၌ သက်တမ်း (၁၀)နှစ်သာ သတ်မှတ်ပေးရာမှ တိုးမြှင့် သတ်မှတ်ပေးရန် နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဆက်လက်ဆောင်ရွက်ပါမယ်။ ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း မေးမြန်း ဖို့ ဖြစ်ပါတယ်။

**ဦးခွန်လိန်း(ဖလမ်းမဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ဖလမ်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိန်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတာကတော့ ချင်းပြည်နယ်၊ ဖလမ်းမြို့မှာ အိမ်မြေဂရန်ချမှတ်တဲ့အခါမှာ ၁၀ နှစ် အတွက်သာ ချမှတ်ပေးတဲ့အတွက်ကြောင့် မြေပိုင်ရှင်များအနေနဲ့ ၁၀ နှစ်တစ်ကြိမ် သက်တမ်းတိုးနေရတဲ့အတွက်ကြောင့် မလိုလားအပ်တဲ့ ပြဿနာမျိုးစုံဖြစ်ပေါ်နေပါတယ်။ ဒါကြောင့်မို့လို့ ဒီသက်တမ်းတိုးခြင်းကို ၁၀ နှစ် တစ်ကြိမ်မဟုတ်ဘဲနဲ့ ဒီ့ထက်ရှည်လျားတဲ့ကာလတစ်ခု ဥပမာ အနှစ် ၂၀ သို့မဟုတ် ၃၀ စသဖြင့် သတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိ ပြည်သူများက သိရှိလိုတဲ့အတွက်ကြောင့် ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန-၄)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကပဲ ဖလမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိန်း မေးမြန်းတဲ့မေးခွန်းနှင့် ပတ်သက်ပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။

ဖလမ်းမြို့နယ်မှာ အိမ်မြေဂရန်များချထားပေးရာမှာ ၁၀ နှစ်သာချပေးခြင်းဟာ အဘယ်ကြောင့် ပြည်သူများမှ အကြိမ်ကြိမ်သက်တမ်းတိုး လျှောက်ထားရတဲ့အတွက်ကြောင့် မလိုအပ်တဲ့ အခက်အခဲများ ပေါ်ပေါက်နေပါသဖြင့် ဂရန်သက်တမ်းတိုးမြှင့်သတ်မှတ်ပေးရန် ဖြစ်နိုင်ခြေရှိ/မရှိသိရှိလိုခြင်းနှင့် စပ်လျဉ်းပြီး မေးခွန်းနှင့်ပတ်သက်ပြီးတော့ (က) အောက်မြန်မာပြည် မြို့နှင့်ကျေးရွာမြေများ အက်ဥပဒေ အခန်း(၂) နည်းဥပဒေ ၇ အရ လျှောက်ထားတဲ့ မြေကွက်ပေါ်မှာ တာရှည်ခိုင်ခံ့သော တိုက်အိမ်အဆောက်အဦများ အခိုင်အမာဆောက်လုပ်ထားပါက ပထမနှစ် ၃၀ ခွင့်ပြုပြီး ယင်းနှစ် ၃၀ သက်တမ်းကုန်ဆုံးတိုင်း ခရိုင်အုပ်ချုပ်ရေးမှူးမှ ကွင်းဆင်းစစ်ဆေး၍ အဆောက်အအုံကောင်းမွန် ခိုင်ခံ့မှုရှိပါက နှစ် ၉၀ တိုင်အောင် သုံးကြိမ်သုံးခါ လဲလှယ်ခွင့်ရှိပါတယ်။ (ခ) အောက်မြန်မာပြည် မြို့နှင့် ကျေးရွာမြေများအက်ဥပဒေ အခန်း(၂) နည်းဥပဒေ ၈ အရ အတော်အသင့်ခိုင်ခံ့မှုရှိသော အဆောက်အအုံများအတွက် ၁၀ နှစ်အထိသာ ဂရန်ခွင့်ပြုပြီး ၁၀ နှစ်ကုန်ဆုံးတိုင်း အငှားဂရန်အသစ်ကိုရယူလိုကြောင်း အသစ်တဖန်လျှောက်ထားလာပါက အဆောက်အအုံကောင်းမွန်မှုကို အခြေခံပြီး

တော့ ၁၀ နှစ်သက်တမ်းတိုး လျှောက်ထားနိုင်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မိုင်းတုံမြို့နယ်၊ ပုံပါကျင်-နမ့်ဟူးခွန်နှင့် နားကောင်းမှူး-ဘဝသစ် ကျေးရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းအောင်ကြည်(မိုင်းတုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များမင်္ဂလာအပေါင်းနှင့် ခညောင်းပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းတုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကြည်ဖြစ်ပါတယ်။ မိုင်းတုံမြို့နယ်အပိုင် ပုံပါကျင်မြို့နယ်ခွဲနှင့် ရာသီမရွေးဆက်သွယ်သွားလာနိုင်မည့် ကျေးလက်ကျောက်ချောလမ်းဆောင်ရွက်ပေးပါရန် ကြယ်ပွင့်ပြမေးခွန်းကို ရိုသေစွာ မေးမြန်းခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။

လေးစားအပ်သော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မိုင်းတုံမြို့နယ်သည် သံလွင်အရှေ့ခြမ်းဒေသတွင်ပါဝင်ပြီး ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း၌ လမ်းပန်းဆက်သွယ်ရေးဆောင်ရွက်ပြီးစီးမှု ကဏ္ဍများစွာ အကောင်အထည်ဖော်ပေါ်ပေါက်လာမည် ဖြစ်ပါတယ်။ မြို့နယ်ချင်းဆက်ကတ္တရာလမ်းများ ယခင်နှင့်မတူ ဆောင်ရွက်ပြီးစီးနိုင်မည်ဖြစ်ပါတယ်။ မြို့နယ်ချင်းဆက်လမ်းများ ကောင်းမွန်စွာ အသုံးပြုဆက်သွယ်သွားလာနိုင်သကဲ့သို့ မြို့နှင့်ကျေးရွာချင်းဆက်လမ်းများကိုလည်း ရာသီမရွေး၊ အချိန်အခါမရွေးသွားလာဆက်သွယ်နိုင်ရန် ဆောင်ရွက်ပေးစေလိုပါတယ်။ အထူးသဖြင့် မိုင်းတုံမြို့နယ်အပိုင်ဖြစ်သော ပုံပါကျင်မြို့နယ်ခွဲနှင့် ဆက်သွယ်သွားလာမည့် အောက်ပါနှစ်လမ်းဖြစ်တဲ့ ပုံပါကျင်မြို့နှင့်နမ့်ဟူးခွန်ရွာ ၃ မိုင်ရွာချင်းဆက်လမ်းနှင့် နားကောင်းမှူးရွာနှင့်ဘဝသစ်ရွာ ၁ မိုင်ရွာချင်းဆက်လမ်းတို့ဖြစ်ပါတယ်။ ၎င်းလမ်းပိုင်းများကို အဆင့်မြှင့်တင်နိုင်ရန် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည်ဆိုသော်လည်း အပြည့်အဝဆောင်ရွက်နိုင်မည်မဖြစ်နိုင်ပါသဖြင့် အောက်ပါမေးခွန်းများကို ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ တင်ပြပါကျေးလက်မြေသားလမ်းများကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည့်အစီအစဉ်များကို သိရှိလိုပါတယ်။ မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မှုကြမ်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်ကြည်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ပြန်လည်ပြီးတော့ တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းတုံမြို့နယ်၊ ပုံပါကျင်မြို့နယ်ခွဲအတွင်းမှာရှိတဲ့ ပုံပါကျင်-နမ့်ဟူးခွန်ကျေးရွာချင်းဆက်လမ်းဟာ ၃ မိုင်ခန့် ရှည်ပြီးတော့ နားကောင်းမှူး-ဘဝသစ် ကျေးရွာဆက်လမ်းဟာ ၂ ဖာလုံရှည်ပါတယ်။ လက်ရှိအခြေအနေမှာ ၁၀ ပေအကျယ် မြေသားလမ်းဖြစ်ပြီးတော့ ၁၈ ပေအကျယ် မြေသားလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်လို့ရှိရင် ၂၂.၇၅ သန်းကုန်ကျမှာဖြစ်ပြီးတော့ ကျောက်ချောလမ်းခင်းပါက ၁၈၇.၄၂ သန်း ကုန်ကျမှာဖြစ်တဲ့အတွက်ကြောင့် စုစုပေါင်း ၂၁၀.၁၇ သန်း ကုန်ကျမှာဖြစ်ပါတယ်။

ယခုနှစ် ၂၀၁၄-၂၀၁၅ မှာ ရှမ်းပြည်နယ်အတွင်းမှာ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ လျာထားတဲ့ဘဏ္ဍာငွေကတော့ ၁၀.၄၃ ဘီလီယံ ဖြစ်ပါတယ်။ ထို့အတူ မိုင်းတုံမြို့နယ်အနေနဲ့ ပြန်ပြီးတော့ကြည့်လို့ရှိရင် ဒီနှစ် ၂၀၁၄-၂၀၁၅ မှာ ဝန်ကြီးဌာနအနေနဲ့ လမ်းတံတားများတည်ဆောက်ရာ မိုင်းတုံမြို့နယ်အတွက် ဘဏ္ဍာငွေ ၃၃.၇ သန်း လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားတဲ့ မိုင်းတုံမြို့နယ်၊ ပုံပါကျင်မြို့နယ်ခွဲအတွင်းမှာရှိတဲ့ ကျေးရွာချင်းဆက်လမ်း နှစ်လမ်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်၊ ဒီနှစ်မှာတော့ ကျွန်တော်တို့ ခွင့်ပြုထားခြင်းမရှိသေးပါဘူး။ လာမယ့် ၂၀၁၅-၂၀၁၆ မှာတော့ ရန်ပုံငွေကို လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်။

**မူကြမ်း**

**ပန်ဝါမြို့နယ်၊ ထွန်းရှိန်-ရှီးကျန်ကျေးရွာချင်းဆက်လမ်းအား ကျောက်ခင်းလမ်းအဖြစ်နှင့် လုတ်နော့ဂျန်-လှိုင်ဂမ်ကျေးရွာချင်းဆက်လမ်းကို မြေသားလမ်းအဖြစ်သို့ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇုံးတိန့်(ချီဖွေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီး၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇုံးတိန့်မှ ကချင်ပြည်နယ်အတွင်းရှိ နယ်စပ်ဒေသ ပန်ဝါမြို့နယ်ကို ယခင်အစိုးရမှ ယုံကြည်မှုတည်ဆောက်ကာ ငြိမ်းချမ်းရေးရယူ၍ ဖွံ့ဖြိုးရေးဇုန်နယ်တစ်ခုအဖြစ် ရည်ရွယ်ဖော်ဆောင်ထားခဲ့ပါတယ်။ ဆင်းရဲနွမ်းပါးမှုလည်းမြင့်မားနေသော တောင်ပေါ်ဒေသဖြစ်သည့်အလျောက် ပြည်သူများမှလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ကို လိုလား၍ နိုင်ငံတော်အစိုးရရဲ့ဦးဆောင်လမ်းညွှန်မှုကို ခံယူခဲ့ကြတာဖြစ်ပါတယ်။ သို့သော် ယနေ့အထိ လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တံတားနှင့်လူကူးကြိုးတံတားများဆောင်ရွက်ပေးမှုရှိသော်လည်း ရွာချင်းဆက်လမ်းအပိုင်းတွင် ဆောင်ရွက်ပေးမှုအားနည်းလျက်ရှိနေပါတယ်။ ဒေသခံပြည်သူများမှလည်း ရွာချင်းဆက်လမ်းများကို ကိုယ့်အားကိုယ်ကိုး အတိုင်းအတာအဆင့်နဲ့သာ နှစ်သိမ့်နေကြရတာဖြစ်ပါတယ်။ နယ်စပ်ဒေသဖြစ်သော ထွန်းရှိန်ကျေးရွာမှ ရှီးကျန်ကျေးရွာသို့ဆက်သွယ်သောလမ်းနှင့် လုတ်နော့ဂျန်ကျေးရွာမှ လှိုင်ဂမ်ကျေးရွာသို့ဆက်သွယ်သောလမ်းအပိုင်းကို ဒေသခံပြည်သူများမှလည်း ဥပမာအားဖြင့် တစ်ဖက်နိုင်ငံရဲ့ကျေးရွာဆက်သွယ်လမ်းနှင့် မိမိတို့နိုင်ငံရဲ့ကျေးရွာဆက်လမ်းများကိုနှိုင်း၍ စိတ်မကောင်းဖြစ်နေကြရတာကို တွေ့ရှိရတာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နယ်စပ် ပန်ဝါမြို့နယ်ရှိ ထွန်းရှိန်ကျေးရွာမှ နယ်စပ် ရှီးကျန်ကျေးရွာဆက် ကိုယ့်အားကိုယ်ကိုးဆိုင်ကယ်လမ်းကို ကျောက်ခင်းလမ်းအဆင့်နှင့် လုတ်နော့ဂျန်ကျေးရွာမှ နယ်စပ် လှိုင်ဂမ်ကျေးရွာဆက်သွယ်သောလမ်းကို မြေသားလမ်းအဆင့်များသို့ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံးနှင့် ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာ ပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကချင်ပြည်နယ်၊ ချီဖွေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော် ဦးဇုံးတိန့်၏ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော်မှ ဆက်လက်ပြီးတော့ တင်ပြဆွေးနွေးမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ် နယ်စပ်ပန်ဝါမြို့နယ်မှာရှိတဲ့ ထွန်းရှိန်ကျေးရွာမှ နယ်စပ်မှာရှိတဲ့ ရှီးကျန်ကျေးရွာဆက်တဲ့ ဆိုင်ကယ်လမ်းဟာ အရှည် ၁၂ မိုင်ရှိပါတယ်။ အိမ်ခြေ ၇၅၊ လူဦးရေ ၄၆၀ အကျိုးပြုပါတယ်။ အဆိုပါလမ်းကို ကျောက်ခင်းလမ်းအဖြစ် ခင်းမယ်ဆိုလို့ရှိရင် ၆၆၈.၁၆ သန်းခန့် ကုန်ကျမှာဖြစ်ပါတယ်။ ပန်ဝါနယ်စပ်မြို့မှာရှိတဲ့ နောက်တစ်လမ်းဖြစ်တဲ့ လုတ်နော့ဂျန်ကျေးရွာမှ နယ်စပ်မှာရှိတဲ့ လှိုင်ဂမ်ကျေးရွာကိုဆက်တဲ့လမ်းဟာ အရှည် ၁၀ မိုင်ခန့်ရှိပါတယ်။ အိမ်ခြေ ၅၄၊ လူဦးရေ ၃၄၉ ဦး အကျိုးပြုသောလမ်းမဖြစ်ပါသည်။ အဆိုပါလမ်းကို ကျွန်တော်တို့တွက်ချက်ကြည့်တဲ့အခါမှာ မြေသားလမ်းဖောက်လို့ရှိရင် သန်း ၁၅၀ ကျပ်ခန့် ကုန်ကျမှာဖြစ်ပါတယ်။ ကချင်ပြည်နယ်အတွင်းမှာရှိတဲ့ ပြီးခဲ့တဲ့နှစ် ယခုနှစ် ကျွန်တော်တို့ခွင့်ပြုထားတဲ့ ရန်ပုံငွေကတော့ လမ်းတံတားကိုခွင့်ပြုထားတာ ၆.၇၅၇ ဘီလီယံရှိပါတယ်။ အလားတူပဲ ပန်ဝါမြို့နယ်မှာတော့ ကျွန်တော်တို့ ဒီနှစ် ခွင့်ပြုထားခြင်းမရှိသေးပါဘူး။ ဒါကြောင့်မို့လို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားတဲ့ ပန်ဝါမြို့နယ်အတွင်းမှာရှိတဲ့ ထွန်းရှိန်-ရှီးကျန်လမ်းနှင့် လုတ်နော့ဂျန်-လှိုင်ဂမ်လမ်းတို့ကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာတော့ ခွင့်ပြုထားခြင်းမရှိပါဘူးခင်ဗျား။ သို့သော်လည်း လာမယ့်နှစ်ဖြစ်တဲ့ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မှာတော့ ရန်ပုံငွေ တင်ပြတောင်းခံပြီးတော့ ဆောင်ရွက်ပေးမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဝန်းသိုမြို့နယ်၊ နမ်းခမ်းကျေးရွာမှ ရွှေဘို-မြစ်ကြီးနားလမ်းမကြီးသို့ ဆက်သွယ်ထားသောလမ်းအား ကျောက်ချောလမ်းအဆင့်သို့ မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးပိုင်(ဝန်းသိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအဖွဲ့အစည်းဝင် ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနနဲ့ မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ပတ်သက်တဲ့မေးခွန်းတစ်ခုကို တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော်တင်ပြမေးမြန်းလိုတာကတော့ ဝန်းသိုမြို့နယ်၊ နမ်းခမ်းကျေးရွာသည် နိုင်ငံတော်အစိုးရသစ်လက်ထက်မှာ လမ်းများဖောက်၊ တံတားများဆောက်လုပ်ပေးခဲ့တဲ့အတွက် ဝန်းသိုမြို့၊ အင်းတော်မြို့၊ ဗန်းမောက်မြို့ သုံးမြို့တို့ ဆက်သွယ်သွားလာမှုရဲ့ အချက်အခြာဒေသတစ်ခုဖြစ်လာခဲ့ပြီးတဲ့နောက်မှာ ဝန်းသိုမြို့နယ်၊ နမ်းခမ်းကျေးရွာနှင့် ရွှေဘို-မြစ်ကြီးနား လမ်းမကြီးရဲ့မိုင်တိုင်အမှတ်(၁၀၃)ခုကို ဆက်သွယ်ထားတဲ့လမ်းဟာလည်းပဲ ရာသီမရွေးသွားလာနိုင်တဲ့ လမ်းဖြစ်ဖို့လိုအပ်လာပါတယ်။ ဒါကြောင့်မို့လို့ ဝန်းသိုမြို့နယ်၊ နမ်းခမ်းကျေးရွာနှင့် ရွှေဘို-မြစ်ကြီးနားလမ်းမကြီးတို့ ဆက်သွယ်ထားသောလမ်းအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများအားလုံး ကိုယ်စိတ်နှစ်ပါးကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ဒီမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်တို့ ဝန်ကြီးဌာနကနေပြီးတော့ ဆက်လက်ပြီးတော့ တင်ပြဆွေးနွေးမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ရဲ့မေးခွန်းမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ်၊ နမ်းခမ်းကျေးရွာနှင့်

ရွှေဘို-မြစ်ကြီးနားလမ်းမကြီး မိုင်တိုင်အမှတ်(၁၀၃)သို့ ဆက်သွယ်တဲ့လမ်းမှာ အရှည် ၁၀ မိုင်ခန့်ရှိပါတယ်။ လက်ရှိကတော့ မြေသား ၁၂ ပေခန့်ရှိပြီးတော့ ရာသီမရွေးသွားလာနိုင်ဖို့ နောက်ထပ် ၂ ပေထု မြေသားတာဘောင်တင်ခြင်းနှင့် ကျောက်ချောခင်းခြင်းလုပ်ငန်းကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်လို့ရှိရင် ကျွန်တော်တို့ ကျပ်သန်းပေါင်း ၇၂၀ ခန့် ကုန်ကျမှာ ဖြစ်ပါတယ်။ ကျေးရွာပေါင်း ၂၂ ရွာ၊ အိမ်ခြေပေါင်း ၂၀၃၉၊ ကျေးရွာလူဦးရေ ၁၀၄၀၀ ကျော် ကျွန်တော်တို့ အကျိုးပြုမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးကို ယခုနှစ်ခွင့်ပြုထားတဲ့ ရန်ပုံငွေကတော့ ဒီလမ်းတံတားနှင့် ပတ်သက်ပြီးတော့ ၁၁.၇၈၄ သန်းဖြစ်ပြီးတော့ ကျွန်တော်တို့ ဝန်းသိုမြို့နယ်အနေနဲ့ကတော့ တင်ပြထားတာ ယခုနှစ်မှာ လမ်းခွင့်ပြုထားခြင်းမရှိပါဘူး။

အဲဒီတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှမေးမြန်းတဲ့ ဝန်းသိုမြို့နယ်၊ နမ်းခမ်းကျေးရွာနှင့် ရွှေဘို-မြစ်ကြီးနားလမ်းမှာရှိတဲ့ မိုင်တိုင်အမှတ်(၁၀၃) ကိုဆက်သွယ်မယ့်လမ်းကို ဒီ၂၀၁၄-၂၀၁၅ ယခုနှစ်မှာတော့ ခွင့်ပြုနိုင်ခြင်းမရှိပါဘူး။ လာမည့် ၂၀၁၅-၂၀၁၆ ရန်ပုံငွေတော့ လျာထားတင်ပြတောင်းခံပေးမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သထုံမြို့နယ်၊ လိပ်အင်းရပ်ကွက်မှ ပေါ်တော်မူကျေးရွာသို့ ဆက်သွယ်သည့် တံတားအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစောဘသိန်း(သထုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ ကာယ၊ စိတ္တနှစ်ဖြာ သောသုခပြည့်ဝစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်း ဖြစ်ပါတယ်။ ရပ်ကွက်ပြည်သူနှင့် ကျေးရွာပြည်သူများရဲ့ကိုယ်စား ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။ သထုံမြို့နယ်၊ လိပ်အင်းရပ်ကွက်၊ ရန်ကင်းလမ်းနဲ့ ပေါ်တော်မူကျေးရွာသို့ ဆက်သွယ်နေတဲ့ ရေပုတ်ချောင်းတံတားဟာ ရှေးယခင်ကတည်းက ရပ်ကွက်နှင့်ကျေးရွာ ဆက်သွယ်ထားတဲ့ သစ်သားတံတားကြီးတည်ရှိခဲ့ပါတယ်။ ကာလကြာမြင့်လာပြီတဲ့နောက် ထိုတံတားကြီးဟာ ယိုယွင်းပျက်စီးသွားပြီးတဲ့အတွက်ကြောင့် အလှူရှင်တစ်ဦးမှဦးဆောင်၍ ပြန်လည်ပြုပြင်ပေးခဲ့ရာမှာ ဆက်သွယ်မှုလွယ်ကူခဲ့ရပါတယ်။ သို့ရာတွင် ယခုအခါ၌ မိုးရာသီရေစီးအားကောင်းသောကြောင့် တံတားတိုင်များပြိုကျပျက်စီးသွားခဲ့ခြင်းကို ခံစားနေရ

ပါတယ်။ ၎င်းတံတားကြီးအား ပြန်လည်တည်ဆောက်ပေးခဲ့ပါက ရပ်ကွက်နှင့်ကျေးရွာ ဆက်သွယ်သွားလာမှုကောင်းမွန်မည့်အပြင် မြို့ပတ်လမ်းအဖြစ် အသုံးပြုနိုင်မည်ဖြစ်ပြီး ယာဉ်တိုက်မှုအန္တရာယ်များလည်း လျော့ကျသွားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်။

သထုံမြို့၊ လိပ်အင်းရပ်ကွက်နှင့် ပေါ်တော်မူကျေးရွာသို့ ဆက်သွယ်တဲ့ ရေပုတ်ချောင်းပေါ်ရှိ တံတားကြီးအား ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်။ မရှိပါက မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုပါကြောင်း ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ တင်ပြမေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေဖို့ ဦးစွာပထမ ဆုတောင်းမေတ္တာပို့ရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီးတော့ ဖြေကြားမှာဖြစ်ပါတယ်။ မွန်ပြည်နယ်၊ သထုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်းရဲ့ ကြယ်ပွင့်ပြမေးခွန်းမှာ ကျွန်တော်တို့ သထုံမြို့နယ်၊ ရေပုတ်ချောင်းသစ်သားတံတားမှာ ရန်ကင်း-ပေါ်တော်မူဘုရားကျေးရွာချင်းဆက်လမ်းပေါ်မှာရှိပါတယ်။ အလျားပေ ၈၀၊ အနံ ၁၄ ပေ တံတားဖြစ်ပါတယ်။ တံတားပျက်တစ်စင်းဖြစ်ပါတယ်။ အဆိုပါလမ်းမှာ လမ်းကတော့ ၄ ဖာလုံပဲရှိပါတယ်။ လူသွားလမ်းအဆင့်သာရှိပါတယ်။ လမ်းနှင့်တံတားဆောင်ရွက်မယ်ဆိုရင် ခန့်မှန်းကုန်ကျငွေ သံကူကွန်ကရစ်တံတားအတွက်ဆိုရင် ၅၆ သန်းခန့်ကုန်ကျမှာဖြစ်ပြီးတော့ ဂဝံလမ်းအတွက်ဆိုရင်တော့ ၁၂.၇၅ သန်းလောက် ကုန်ကျမှာဖြစ်တဲ့အတွက်ကြောင့် စုစုပေါင်း ၆၈.၇၅ သန်းခန့်ကုန်ကျမှာဖြစ်ပါတယ်။

မွန်ပြည်နယ်အတွင်းမှာ ယခုနှစ် လျာထားပြီးတဲ့ လမ်းတံတားအတွက် ငွေကတော့ ၃.၇၅ ဘီလီယံကျပ် ဖြစ်ပါတယ်။ ကျွန်တော်တို့ သထုံမြို့နယ်အတွက်ကတော့ ဒီနှစ်လျာထားပေးတဲ့ ငွေကတော့ ၄၉.၅၀ သန်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းတဲ့ သထုံမြို့နယ်အတွင်းမှာ ရန်ကင်း-ပေါ်တော်မူဘုရားလမ်းပေါ်မှာရှိတဲ့ တံတားတည်ဆောက်ခြင်းအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်

ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာတော့ ခွင့်ပြုထားခြင်းမရှိပါဘူး။ သို့သော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာလျာထားပြီးတော့ တင်ပြတောင်းခံပေးမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ**။ ။ ဒီကနေ့ မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ်ဟာ အချိန်တိကျစွာနဲ့ပဲ ဆောင်ရွက်ပြီးစီးသွားတာ အင်မတန်ကျေးဇူးတင်ဝမ်းသာစွာနဲ့ ပြောကြားလိုပါတယ်။ မေးမြန်းပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်များရော၊ လာရောက်ဖြေကြားပေးတဲ့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများကိုရော ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ကြောင်း ပြောကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းမေးမြန်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ အစီအစဉ်ဆောင်ရွက်မှာဖြစ်ပါတယ်။

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ (က) အရ ဦးသိန်းညွန့် သဃ်န်းကျွန်းမဲဆန္ဒနယ်က ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကိုပြင်ဆင်တဲ့ ဥပဒေကြမ်းတင်သွင်းရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းတင်သွင်းဖို့ ဦးသိန်းညွန့်အားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၄ နည်းဥပဒေခွဲ(စ) အရ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ဒုတိယဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ ဥပဒေကြမ်းတင်သွင်းအပ်ပါတယ်ခင်ဗျား။

## ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ (ခ) အရ ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကြမ်းကို ပြင်ဆင်တဲ့ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်း

ကော်မတီရဲ့ စိစစ်တွေ့ရှိမှုအစီအရင်ခံစာကို ဖတ်ကြားရှင်းလင်းရန်ဖြစ်တဲ့အတွက် ဖတ်ကြားရှင်းလင်းပေးဖို့ ဥပဒေကြမ်းကော်မတီကို ဖိတ်ခေါ်ပါတယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ လွှတ်တော်ကိုယ်စားလှယ်များ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ကျိုင်းတုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးစတီဖန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီးခင်ဗျား။

၁။ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် ကတင်သွင်းသော ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ၁၄-၇-၂၀၁၄ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး (၂၈)ရက်မြောက်နေ့တွင် လွှတ်တော်မှ လက်ခံဆွေးနွေးရန် အတည်ပြုခဲ့ပါသည်။

၂။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၅-၉-၂၀၁၄ ရက်နေ့တွင် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့ပါသည်။

၃။ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဤဥပဒေတွင် အပိုဒ်ပေါင်း ၅ ခုပါရှိပါသည်။

(ခ) ထုတ်ပြန်ပြီးသော ဥပဒေများနှင့် ညီညွတ်စေရန် ဥပဒေခေါင်းစီးအား ပြင်ဆင်ပြီးနိဒါန်းအား ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု ပြင်ဆင်ပါသည်။

(ဂ) အပိုဒ် ၂ အား ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန် အက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ ၂ တွင် ပါရှိသော ၁၅ ရက်ထက် မပိုစေသောဆိုသည့် စကားရပ်ကို ၁၅ ရက်တစ်ကြိမ်ထက်မပိုစေသော ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

(ဃ) အပိုဒ် ၃ နှင့် အပိုဒ် ၄ တို့အား ပယ်ဖျက်ပါသည်။

(င) အပိုဒ် ၅ အား ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေ ပုဒ်မ ၁၈၊ ပုဒ်မခွဲ ၃ ၏ ခြွင်းချက်တွင် ပါရှိသော သုံးနှစ် ဆိုသည့်စကားရပ်ကို တစ်နှစ် ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့်ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရစိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်း အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်ကတင်သွင်းသည့် ၁၉၆၁ ခုနှစ်၊ ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကိုဆွေးနွေး၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၆ နှင့် ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းတို့နှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာတို့ကို တိတိကျကျ ဖော်ပြ၍ ၂၃-၉-၂၀၁၄ ရက်နေ့ (အင်္ဂါနေ့)နောက်ဆုံးထားပြီး အမည်စာရင်း တင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**မှုကြမ်း**

**ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ပဉ္စမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**ဒုတိယဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာပါမယ်။ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]